
CONFUCIOUS
KONGFUZI
ကွန်ဖြူးရှပ်
ဝင်မျိုး

# ကွန်ဖြူးရှပ်

ခင်မျိုး

# မာတိကာ


| | | |
|---|---|---|
| ၁။ | အခန်း (၁) ကဗျာမဆန်သောဘာဝ | ၂ |
| ၂။ | အခန်း (၂) ကွန်ဖြူးရှပ်ဝါဒ | ၁၂ |
| ၃။ | အခန်း (၃) သမိုင်း အဆက်အစပ် | ၁၈ |
| ၄။ | အခန်း (၄) ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ | ၂၈ |
| ၅။ | အခန်း (၅) ကွန်ဖြူးရှပ်၏ ပို့ချချက်များ | ၃၄ |
| ၆။ | အခန်း (၆) ကွန်ဖြူးရှပ်တန်ဖိုးများ | ၄၀ |
| ၇။ | အခန်း (၇) ကွန်ဖြူးရှပ် အလွန် | ၄၆ |



## အခန်း–၁

# ကဗျာမဆန်သောဘဝ

ကွန်ဖြူးရှပ်ကို ဘီစီ ၅၅၁ တွင် မွေးသည်။ ဇာတိမှာ လျူပြည်နယ် ကျူဖု ဖြစ်သည်။ လျူပြည်နယ်သည် ယနေ့ ရှန်ဒေါင်ပြည်နယ်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဩဇာအရှိဆုံးကျောင်းဆရာ ဒဿနသမား၊ နိုင်ငံရေး သီအိုရီ ထုတ်သူ ကွန်ဖြူးရှပ်၏ဘဝမှာ ကဗျာမဆန်ပေ။ တရုတ်လူ့အဖွဲ့အစည်းကို ဩဇာ အလွန်ညောင်းသူဖြစ်ခဲ့သော်လည်း ကွန်ဖြူးရှပ်သည် ရိုးရှင်းစစ်မှန်သောဘဝကို ဖြတ်သန်းခဲ့သည်။ ကွန်ဖြူးရှပ်၏ ရိုးရှင်းမှု၊ စစ်မှန်မှုသည် သူ၏ လူ့လောက အပေါ် ထားရှိသော ကြင်နာခြင်းအစစ်အမှန်တရားကို အမှန်တရားက ဖော်ပြခြင်း မပြုနိုင်ခဲ့ပေ။ ထို့အပြင်လည်း မိမိကိုယ်ကို ပြုစုပျိုးထောင်ခြင်း၊ မိမိကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးခြင်းဟူသော လူသား၏ အရည်အသွေးကို ကွန်ဖြူးရှပ်၏ ဘဝတွင် မြင်တွေ့ရမည်ထင်သည်။

သာမန်လူသည် အံ့ဘနန်းပညာရှိဖြစ်နိုင်သည်ဟု ယုံကြည်ခြင်း၊ သာမန်လူသားသည် အဖိုးတန်လူဖြစ်နိုင်သည်ဟု ယုံကြည်မှုရှိခြင်းတို့ကို ကွန်ဖြူးရှပ် အမွေအနှစ်တွင် ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်။ လူသားသည် သင်ကြားပေး၍ ရနိုင်သည်။ တိုးတက်အောင်လုပ်၍ရသည်။ ပုဂ္ဂိုလ်ရေးအရ





လည်းကောင်း၊ အများ၏ ကြိုးပမ်းအားထုတ်မှုအရလည်းကောင်း ပြည့်စုံအောင် လုပ်၍ရနိုင်သည်ဟု ကွန်ဖြူးရှပ်က အခိုင်အမာဆိုသည်။

ကွန်ဖြူးရှပ်၏ဘဝနှင့် ပတ်သက်၍ အချက်အလက် အထောက်အထားများသည် ပြည့်စုံခြင်းမရှိသော်လည်း ကွန်ဖြူးရှပ် ပေါ်ပေါက်လာခဲ့သော ခေတ်ကာလနှင့် သမိုင်းအဆက်အစပ်တို့ကိုကား ဖော်ထုတ်၍ရသည်။ ထို့ကြောင့် ကွန်ဖြူးရှပ်ကို လျူပြည်နယ်တွင် မွေးဖွားခဲ့ပြီး၊ ၈ ကြိမ်မြောက် လ နှစ်၏ ၂၂

ရက်မြောက်နေ့တွင် မွေးသည်ဟု ဆိုသည်။ သို့ရာတွင် ထိုမွေးရက်ကို သမိုင်းပညာရှင်များက မေးခွန်းထုတ်ကြသော်လည်း နှစ်တစ်နှစ်၏ စက်တင်ဘာ ၂၈ ရက်နေ့သည် ကွန်ဖြူးရှပ်မွေးနေ့အဖြစ် အရှေ့အာရှတွင် ကျယ်ပြန့်စွာ လက်ခံထားကြသည်။ စက်တင်ဘာ ၂၈ ရက်နေ့သည် ထိုင်ဝမ်တွင် ဆရာများနေ့ဖြစ်ပြီး ထိုနေ့သည် ထိုင်ဝမ်တွင် တရားဝင် အားလပ်ရက်ဖြစ်သည်။

ကွန်ဖြူးရှပ်ကို လျူဟုခေါ်သော ပဒေသရာဇ်ပြည်နယ်ငယ်လေးရှိ ကျူဖုတွင် မွေးသည်။ ယနေ့တွင် ရှန်ဒေါင်ဟုခေါ်သော လျူပြည်နယ်လေးသည် ကျို့ယဉ်ကျေးမှု၏ ဂီတနှင့် ကျေးလက်အစဉ်အလာတို့ကို ထိန်းသိမ်းရာတွင် ထင်ရှားလှသည်။ သူ၏ မိသားစုအမည်မှာ ကွန်ဖြစ်၍ သူ၏ ပုဂ္ဂလနာမည်မှာ ကျူဖြစ်သည်။ သို့ရာတွင် တရုတ်လူမျိုးတို့၏သမိုင်းတွင် သူ့ကို ကွန်ဇီ သို့မဟုတ် ကွန်ဖြူဇီ(ဆရာကွန်)ဟု ခေါ်ကြသည်။ လက်တင်စကား Confucius မှ ဆင်းသက်လာသော နာမဝိသေသန Confucian သည် တရုတ်စကားတွင် အဓိပ္ပာယ်မရှိသော စကားဖြစ်သည်။ ထို့အပြင် Confucianism ဆိုသော ဝေါဟာရသည်လည်း ၁၈ ရာစုခန့်က ဥရောပတွင် ထွင်ခဲ့သောစကားဖြစ် သည်။

ကွန်ဖြူးရှပ်၏ ဘိုးဘေးများသည် မင်းမျိုး မင်းနွယ်များမှ ဆင်းသက်လာသူများဟု ဆိုနိုင်သော်လည်း သူ့ကို မွေးဖွားချိန်တွင် သူ့ ဘိုးဘွားများသည် ဆင်းရဲမွဲတေနေသည့် သာမန်လူတန်းစားများဖြစ်ကြသည်။ ကွန်ဖြူးရှပ် ခုနစ်နှစ်သားတွင် ဖခင်ကွယ်လွန်သည်။ လက်ဦးဆရာအဖြစ် မိခင်၏ လမ်းညွှန်မှုအောက်တွင် ကြီးပြင်းခဲ့ရသော ကွန်ဖြူးရှပ်သည် ဘဝတူဆယ်ကျော်သက်များကြားတွင် အများနှင့်မတူ စာကြိုးစားသူဖြစ်သည်။ ၁၅ နှစ်သားအရွယ်ကတည်းက မိမိ၏နှလုံးသားကို ပညာဆည်းပူးခြင်းအရာတွင် နှစ်မြုပ်ထားခဲ့သည်ဟု ကွန်ဖြူးရှပ်က ဆိုသည်။ လူငယ်ပညာရှိတစ်ဦးအဖြစ် ကျော်ကြားနေချိန် မဟာကျောင်းတော်ကိုသွားရောက်လည်ပတ်စဉ် အရာရာကို စူးစမ်းလေ့လာမှသာ အဆင်ပြေမည်ဟု သဘောပေါက်ခဲ့သည်။

ကွန်ဖြူးရှပ်သည် အသေးအဖွဲ့ အစိုးရရာထူးများတွင် ထမ်းဆောင်ခဲ့

သည်။ မြင်းစောင်းများကို စီမံခန့်ခွဲရခြင်း၊ စပါးကျီများအတွက် စာရင်းကိုင်ပေးရခြင်းစသော အစိုးရအလုပ်များကို လုပ်ခဲ့ရသည်။ ၁၉ နှစ်အရွယ်တွင် ကွန်ဖြူးရှပ်သည် ကျောထောက်နောက်ခံတူသော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ ကွန်ဖြူးရှပ်၏ ဆရာများမှာ မည်သူများဖြစ်သည်ဟု မဖော်ထုတ်နိုင်သော်လည်း၊ သူသည် ဆရာသမားကောင်းများကို ဖွဲကောင်းကောင်းရှာဖွေခဲ့သည်။ သူ့ကို ရှေးထုံးအစဉ်အလာများ၊ တေးဂီတပညာနှင့် အခြားပညာရပ်များကို သင်ကြားပေးနိုင်မည့် လူမှန် ဆရာအမှန်ကို ကြိုးစားရှာဖွေခဲ့သည်ဟု ဆိုသည်။ ကွန်ဖြူးရှပ်သည် ပညာရပ်ခြောက်မျိုးကို ကျွမ်းကျင်ပိုင်နိုင်သည်။ ထိုပညာရပ်များမှာ ရှေးထုံးဓလေ့ပညာ၊ ဂီတ၊ မြားပစ်၊ မြင်းရထားမောင်းပညာ၊ လက်ရေးလှပညာ၊ ဂဏန်းသင်္ချာတို့ ဖြစ်သည်။ ကဗျာ၊ သမိုင်းစသည့် ရှေးရိုးအစဉ်အလာတို့နှင့် ကျွမ်းဝင်သူဖြစ်၍ အသက်သုံးဆယ်ကျော်အရွယ်တွင် သူ့အား အလွန်ထူးချွန်သော ကျောင်းဆရာတစ်ဦး ဖြစ်စေခဲ့သည်။

ထို့ကြောင့် ကွန်ဖြူးရှပ်ကို တရုတ်တွင် ပထမဦးဆုံး ကျောင်းဆရာဟု သတ်မှတ်ကြသည်။ ကွန်ဖြူးရှပ်သည် ပညာရေးကို ကျယ်ပြန့်စွာ သင်ကြား

